NEW MYANMAR FOUNDATION
Building A Strong Foundation For Our Society

Email: contact@newmyanmarfoundation.org
Website: https://newmyanmarfoundation.org

# မြန်မာစစ်တပ်မှ ပြည်သူ့စစ်မှုထမ်းဥပဒေ အသက်သွင်းခြင်းအပေါ် သဘောထားထုတ်ပြန်ချက် (၁/၂၀၂၄)

ရက်စွဲ။ ၂၀ - ၂ - ၂၀၂၄

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှစ၍ မြန်မာပြည်သူတို့၏ သဘောဆန္ဒမပါဘဲ နိုင်ငံ့အာဏာကို အဓမ္မသိမ်းယူခဲ့သည့် မြန်မာစစ်တပ်၏အာဏာသိမ်းမှုအား ဆန့်ကျင်ကြောင်းကို ပြည်သူအားလုံး၏ ၉၀% ကျော်က ဆန္ဒပြခြင်း၊ သိန်းချီသောနိုင်ငံ့ဝန်ထမ်းများအပါအဝင် ပြည်သူအများက CDM တွင်ပါဝင်ခြင်းစသည့် နည်းလမ်းမျိုးစုံဖြင့် ဖော်ပြခဲ့ပြီး ယနေ့အချိန်အထိလည်း ဆက်လက်ဆန့်ကျင်နေကြဆဲဖြစ်သည်။ မရေမတွက်နိုင်သော လူ့အခွင့်အရေးချိုးဖောက်မှုများကို နည်းလမ်းမျိုးစုံဖြင့်ကျူးလွန်နေသည့် အာဏာသိမ်းစစ်တပ်နှင့် ၎င်းကိုအထောက်အပံ့ပြုနေသော အရင်းအမြစ်များအား နိုင်ငံတကာအရေးယူပိတ်ဆို့မှုများ ပိုမိုတိုးမြင့်လာနေခြင်းမှာလည်း နိုင်ငံတကာအသိုက်အဝန်းတွင် စစ်အာဏာသိမ်းမှုကို ထောက်ခံခြင်း မရှိကြောင်းသက်သေပင်ဖြစ်သည်။

ထိုသို့ မြန်မာပြည်သူများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းက လက်ခံထားခြင်းမရှိသော တရားမဝင် အာဏာသိမ်းစစ်တပ်အနေဖြင့် ပြည်သူ့ခုခံကာကွယ်စစ်၏ စစ်ရေးဖိအားများကိုလည်း ပိုမို ခံစားလာရသည့်အခါ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် "ပြည်သူ့စစ်မှုထမ်းဥပဒေ"ကို ထုတ်ပြန်အသက်သွင်းလာခဲ့သည်။ ၎င်းဥပဒေကို အများပြည်သူထံ ပွင့်လင်းမြင်သာစွာ ချပြဆွေးနွေးမှု၊ ကြိုတင်အသိပေး၍ သဘောထားတောင်းခံမှု တစုံတရာမရှိဘဲ "နိုင်ငံတော်ကာကွယ်ရေး"အမည်ခံ အသုံးချ၍ တဖက်သတ်ထုတ်ပြန်ခြင်းသည် အပြစ်မဲ့ပြည်သူများကို စစ်ပွဲများအတွင်းသို့ အဓမ္မခေါ်ဆောင်၍ လူသားဒိုင်းအဖြစ် အကာအကွယ်ယူခြင်း၊ လက်နက်ခဲယမ်းရိက္ခာများ သယ်ဆောင်စေခြင်းစသည့် ၎င်းတို့၏ စစ်ရာဇဝတ်မှုများကို ပေါ်ပေါ်တင်တင်ကျူးလွန်နိုင်ရန် လမ်းစဖော်လိုက်သည်မှာ ထင်ရှားပါသည်။ လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၄ ပါ "ကျွန်ပြုခြင်း၊ မတရားသဖြင့် အလုပ်လုပ်ကိုင်စေခြင်းမှ ကင်းလွတ်ခွင့်"ကို ချိုးဖောက်ခြင်းလည်းဖြစ်သည်။

မိမိတို့ သဘောဆန္ဒကို လွတ်လပ်စွာ ထုတ်ဖော်ပြသနိုင်ခွင့်နှင့် လွတ်လပ်စွာ အသက်ရှင်နေထိုင်ခွင့်များ ဆုံးရှုံးလျက်ရှိသည့် မြန်မာပြည်သူများအနေဖြင့် အာဏာသိမ်းစစ်တပ်မှ မတရားသဖြင့် ထုတ်ပြန်လိုက်သော ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် မကြာမီထွက်ပေါ်လာဖွယ်ရှိသည့် နည်းဥပဒေများဖြင့် နှိပ်ကွပ်မှုကြောင့် မတရားဖမ်းဆီးခေါ်ဆောင်မှုနှင့် အတင်းအဓမ္မပျောက်ဆုံးစေမှုများကို ပိုမိုကျူးလွန်ခံရဖွယ် အရေးပေါ် အခြေအနေတရပ် ကြုံတွေ့လာရသည်။ ထို့ကြောင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများ အနေဖြင့် ယင်းသို့ကျူးလွန်ခံရမှုများကို ပို၍သတိထားစောင့်ကြည့် မှတ်တမ်းတင်ခြင်း၊ လွတ်မြောက်နိုင်ရန်

အကူအညီပေးခြင်း၊ လုံခြုံစွာရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာ အသိပညာမြှင့်တင်ပေးခြင်းနှင့် မတရားဖိနှိပ်မှုများ ကြုံတွေ့နေရသည့်အခြေအနေကို နိုင်ငံတကာအသိုင်းအဝိုင်းသို့ အသိပေးလှုံ့ဆော်ခြင်းတို့ကို အလေးထား ဆောင်ရွက်နိုင်ရန် အကူအညီများစွာလိုအပ်လျက်ရှိသည်။ ထို့အပြင် အသက်အန္တရာယ် ခြိမ်းခြောက် ဖိနှိပ်မှုများမှ ရှောင်တိမ်းလာမည့် ပြည်သူများကို လူသားချင်းစာနာမှု အရေးပေါ်အကူအညီရရှိနိုင်မည့် အရင်းအမြစ်များနှင့် ဆက်သွယ်ချိတ်ဆက်ပေးရန်လည်း အထူးလိုအပ်လျက်ရှိသည်။

သို့ဖြစ်၍ “ပြည်သူ့စစ်မှုထမ်းဥပဒေ”ဖြင့် မြန်မာပြည်သူများ၊ အထူးသဖြင့် လူငယ်များအပေါ် ဖိနှိပ်ခြိမ်းခြောက်မှုများကို ထပ်မံကျူးလွန်လာသည့် အာဏာသိမ်းစစ်တပ်အား မြန်မာ့နိုင်ငံရေးမှ အပြီးတိုင်ဖယ်ရှားနိုင်ရန် ထိရောက်သောအရေးယူမှုများ လုပ်ဆောင်ရေးကို ပိုမိုအရှိန်မြှင့်တင်၍ စစ်အာဏာရှင်အမြန်ဆုံးဖယ်ရှားရေးနှင့် လတ်တလောကြုံတွေ့နေရသည့် လူသားချင်းစာနာမှု အရေးပေါ် တုံ့ပြန်ဆောင်ရွက်ချက်များကို ဝိုင်းဝန်းကူညီရေးအတွက် နိုင်ငံတကာအသိုင်းအဝိုင်းသို့ အလေးအနက် တိုက်တွန်းလိုက်ပါသည်။

လူ့အခွင့်အရေးမှတ်တမ်းဌာန<br>
New Myanmar Foundation

**ဆက်သွယ်ရန်**

**Ivy Green**
တာဝန်ခံ၊ လူ့အခွင့်အရေးအစီအစဉ်
New Myanmar Foundation
Ph: +66 620140319
Email: hrpmanager@newmyanmarfoundation.org

**Dr. Sann Aung**
အမှုဆောင်ဒါရိုက်တာ
New Myanmar Foundation
Ph: +66 810524966
Email: sannaung1234@gmail.com